# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 6 February 2025 ၁၁၇၂၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်

## MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




ကြေးမုံ

# အမျိုးသားရေးရည်မှန်းချက်အောင်မြင်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးထွက်ကုန်ရလဒ်အား ကျယ်ပြန့်စွာပြသနိုင်သော အညွှန်းကိန်းကို GDP ဟုခေါ်ဆိုသည်။ GDP သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အခြေအနေကို ထင်ဟပ်နိုင်သည့် စီးပွားရေးအဆောက်အအုံအရွယ်အစားနှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ခန့်မှန်းရာတွင်သုံးသည်။ GDP အညွှန်းကိန်းမြင့်မားလာသည်နှင့်အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများပါ မြင့်မားတိုးတက်လာမည်။ ထို့ကြောင့် အခြေခံကျသည့် စီးပွားရေးထွက်ကုန် မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက်သည် နိုင်ငံအတွက် အခြေခံလိုအပ်ချက်ဖြစ်သောကြောင့် ရည်မှန်းချက်အောင်မြင်စေရန်အတွက် နိုင်ငံ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးထွက်ကုန်ထုတ်ကုန်မြင့်မားမှ GDP တိုးတက်လာမည်။ GDP တိုးတက်မှ နိုင်ငံ၏အမျိုးသားရေးရည်မှန်းချက်အောင်မြင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ GDP တိုးတက်ရေးတွင် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုဟူသည့် ကဏ္ဍကြီးသုံးခုရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အဆိုပါကဏ္ဍကြီး (၃) ရပ်အနက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် လျော့ပါးလျက်ရှိသည်ကိုတွေ့ရပြီး GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများကြားတွင် GDP အဆင့်နည်းပါးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် တွေ့မြင်နိုင်သည်။ နိုင်ငံ၏အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ကုန်ထုတ်လုပ်မှုစွမ်းရည်နည်းပါးနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏ GDP တိုးတက်လာရေးနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ပြည်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေများတိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း" ပြောကြားထားသည်။

မြန်မာနိုင်ငံသည် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးမြင့်စေရေးကို နိုင်ငံတော်အကြီးအကဲက မကြာခဏ တိုက်တွန်းပြောကြားလျက်ရှိသည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်သည်။ နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့် အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ခြင်း၊ MSME ထုတ်ကုန်လုပ်ငန်းများတွင် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြုပြီး အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP သိသာစွာတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ GDP သိသာစွာတိုးတက်မြင့်မားလာမှသာ ပြည်သူတစ်ဦးချင်းဝင်ငွေတိုးတက်ပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြပြီး ထုတ်လုပ်မှုသုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများနှင့် ပြည်ပဈေးကွက်ရရှိရေး သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးသူတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ တာဝန်ရှိသူများအားလုံး ပူးပေါင်းလက်တွဲ၍ အမျိုးသားရေးရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၉၂ | ၆,၈၄၄,၅၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၂၄၅ | ၇၄၇,၂၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၀ | ၈၂,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၄ | ၇,၂၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၆ | ၁၉,၂၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၆၄၅ | ၁,၀၅၆,၇၅၀ |
| AMATA | ၃,၈၀၀ | ၃,၈၅၀ | ၁,၁၇၈ | ၄,၄၇၀,၁၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၄၃၂ | ၁,၃၃၉,၂၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၅ | ၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြခန်းအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။

### လိုအပ်ချက်များ ပြုပြင်နိုင်ရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရန် ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ အသီးသီးချမှတ်ထားပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းသည့်အချိန်မှ ယခုချိန်အထိ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးသည့် ခရီးစဉ်များတွင် တွေ့ရသည့် အတွေ့အကြုံများအရ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် လုပ်ငန်းချိတ်ဆက်နိုင်မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း လုပ်ငန်းများချိတ်ဆက်နိုင်မှု၊ အတွေ့အကြုံဖလှယ်နိုင်မှုများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရကြောင်း၊ ထို့ပြင် မိမိလုပ်ငန်းများအလိုက် သီးခြားစီလုပ်ဆောင်နေကြခြင်းဖြစ်သည့်အတွက် အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်းနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများတွင်လည်း အားနည်းနေသည်ကို တွေ့ရကြောင်း၊ နည်းပညာ၊ အထောက်အကူပစ္စည်းအပါအဝင် MSME နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ပေးနိုင်သည်များကို webportal များ၌ တင်ပေးထားသော်လည်း လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် လိုအပ်ချက်များရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တပေါင်းတစည်း MSME ထုတ်ကုန်ပြပွဲများ ကျင်းပလျက်ရှိသော်လည်း ပြည်ထောင်စုအဆင့်တွင် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲကျင်းပပြုလုပ်ပေးနေခြင်းအားဖြင့် မိမိတို့၏ထုတ်ကုန်ပစ္စည်း ကွာခြားချက်၊ ဈေးနှုန်းနှင့် အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှုအခြေအနေတို့ကို နှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များ ပြုပြင်နိုင်ရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းပင်ဖြစ်စေ ယှဉ်ပြိုင်မှုရှိမှသာလျှင် တိုးတက်မှုရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မိမိတို့ထုတ်ကုန်များအနေဖြင့် ထုတ်ကုန်အမျိုးအစားချင်းတူသော်လည်း အရည်အသွေး၊ အရသာ၊ ထုပ်ပိုးမှုပုံစံ နှိုင်းယှဉ်နိုင်မည်ဖြစ်ကာ ပြုပြင်စရာများကို ပြုပြင်နိုင်ရန်နှင့် တစ်နေရာတည်းတွင် နေရာအစုံမှ ပစ္စည်းအမျိုးအစားမျိုးစုံကို နှိုင်းယှဉ်နိုင်ခြင်း၊ လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံများကိုမျှဝေနိုင်ခြင်း စသည့် ကောင်းမွန်သည့်အချက်အလက်များကို ချက်ချင်းရရှိနိုင်မည်ဖြစ်ကြောင်း။

> ☆ **မိမိတို့ MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်**
>
> ☆ **ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများ ပြုလုပ်ခြင်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများ သုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်**

မိမိတို့ MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများပြုလုပ်ခြင်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများ သုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

### ဆောင်ရွက်ပေးထား

ဆက်လက်ပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ယခင် MSME ပြပွဲများကဲ့သို့ မိမိထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခြင်းမျိုးမဟုတ်ဘဲ မိမိဝန်ကြီးဌာနက MSME လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်၊ နည်းပညာများကို လုပ်ငန်းရှင်များ သိရှိချိတ်ဆက်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဂျင်စီဥက္ကဋ္ဌများက လုပ်ငန်းရှင်များကို ကြိုတင်အသိပေးထားစေလိုကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲတွင် စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါအချက်အလက်များသည် နိုင်ငံတော်အကြီးအကဲ၏ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအပါအဝင် တာဝန်ရှိသူများ သွားရောက်သည့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများတွင် တင်ပြချက်များအနက် အဓိကအချက်မှာ ငွေကြေးအရင်းအနှီး၊ မြေနေရာနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်ကြောင်း၊ အရင်းအနှီးနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းကော်မတီတွင် လုပ်ငန်းရှင်များ ချေးငွေရရှိရေးအတွက် အတတ်နိုင်ဆုံး ဖြေလျှော့မှုများ ဆောင်ရွက်ပေးထားကြောင်း၊

**စာမျက်နှာ ၄ သို့ ☆**

ကြေးမုံ



☆ စာမျက်နှာ ၃ မှ

**❖ နိုင်ငံတော်အနေဖြင့် အခြား ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း သဘာဝဓာတ်ငွေ့၊ ဆိုလာလျှပ်စစ် အင်ဂျင်ပေါင်းစပ်သည့် Hybrid ဓာတ်အားမဂ္ဂါဝပ်ပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများ ဆောင်ရွက်လျက်ရှိ**

**❖ ရရှိသည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးဖြန့်ဝေခြင်းဖြစ်သည့်အတွက် အချိုးအစားအလိုက် ဓာတ်အားရရှိမည်ဖြစ်ပြီး လုပ်ငန်းရပ်များအလိုက် ကိုယ်ပိုင် Solar စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများပိုမိုအဆင်ပြေမည်ဖြစ်၍ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်**

မြေနေရာရရှိရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ရသင့်ရထိုက်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME လုပ်ငန်းရှင်များ၏ အဓိကတင်ပြချက်ဖြစ်သည့် လျှပ်စစ်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ မဂ္ဂါဝပ် ၆၃၀၀ ကျော်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထုတ်လုပ်နိုင်မှု ရပ်ဆိုင်းနေသည့် စက်ရုံများရှိကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်လုပ်နိုင်သည့် ပမာဏပေါ်မူတည်၍ အလှည့်ကျရရှိရေးအတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားရရှိရေးကျော်လွှားနိုင်မည့် မိမိတို့စက်ရုံ၊ အလုပ်ရုံများကို အသိပညာပေးလိုသည်မှာ လက်ရှိ သီလဝါစက်မှုဇုန်၌ ကုမ္ပဏီ ခြောက်ခုမှ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်မှု ၄ ဒသမ ၉ မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်မှုကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်လာကြောင်း၊ အဆိုပါ ဆောင်ရွက်မှုကို နမူနာယူပြီး အခြားကုမ္ပဏီများမှ လျှပ်စစ်ဓာတ်အား ရှစ်မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် မိမိလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲ၍ရသည့်အပြင် ပိုလျှံမှုအပေါ် နိုင်ငံအဆင့် မဟာဓာတ်အားလိုင်းသို့ ရောင်းချ၍ရနေကြောင်း၊ ဆိုလာစနစ် ဆောင်ရွက်သည့်အတွက် ကုန်ကျမည့် ငွေပမာဏမှာ နှစ်အနည်းငယ်အတွင်း အရင်းကျေကာလသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ကာကွယ်ရေးဦးစီးချုပ်ရုံးအတွင်း ၂၀ မဂ္ဂါဝပ်ရှိ ဆိုလာဓာတ်အားပေးစနစ်ကို လွန်ခဲ့သည့် နှစ်နှစ်ခန့်မှ စတင်တည်ဆောက်အသုံးပြုခဲ့ရာ လာမည့် တစ်နှစ်ခွဲအတွင်း အရင်းကျေကာလ ပြည့်မြောက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်များ၏ မြေလွတ်နေရာများနှင့် အခြားမြေလွတ်မြေရိုင်းနေရာများတွင် ဆိုလာစနစ်ဖြင့် တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များ၌ လျှပ်စစ်မီး မလုံလောက်သည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း သဘာဝဓာတ်ငွေ့၊ ဆိုလာလျှပ်စစ်အင်ဂျင်ပေါင်းစပ်သည့် Hybrid ဓာတ်အား မဂ္ဂါဝပ်ပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ရေးအတွက်စီမံကိန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိသည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးဖြန့်ဝေခြင်းဖြစ်သည့်အတွက် အချိုးအစားအလိုက် ဓာတ်အားရရှိမည်ဖြစ်ပြီး လုပ်ငန်းရပ်များအလိုက် ကိုယ်ပိုင် Solar စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများပိုမိုအဆင်ပြေမည်ဖြစ်၍ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် ယခုတက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အေဂျင်စီဥက္ကဋ္ဌများ အနေဖြင့် သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး MSME လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေရန် ရှင်းလင်းပြောကြားစေလိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ယခုကျင်းပမည့်ပြပွဲနှင့် ပြိုင်ပွဲကို ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခုထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန်အထိ တိုးတက်မှုရှိသော်လည်း ပို့ကုန်အမယ်သစ်များ ပြည်ပသို့တင်ပို့နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ မှန်ဦးနှင့် ပြခန်းများ တည်ဆောက်ရေး ဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှု ဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြခန်းများ ပြင်ဆင်ထားရှိမှု၊ ခင်းကျင်းပြသသွားမည့် ထုတ်ကုန်အမျိုးအစားများ၊ ရိုးရာအစားအစာဆိုင်ခန်းများတွင် ရောင်းချသွားမည့် ဒေသရိုးရာအစားအစာများနှင့် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီးနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာန ပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပြီးသတ်ဆောင်ရွက်နေမှုနှင့်ပြခန်းအလိုက်ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့" (Practice of Thanakha Culture in Myanmar) နှင့် ပတ်သက်၍ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းမည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ Virtual Online System ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်၊ မန္တလေးတို့မှ တာဝန်ရှိသူများနှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"**(Practice of Thanakha Culture in Myanmar) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းရာတွင် ဘက်စုံထောင့်စုံ ပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင် ရေးသားပြုစုပြီး တင်သွင်းသွားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ နှစ်သက်ခုံမင်စွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက် သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ ခုနှစ်တွင် UNESCO တင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများသာမက မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြားလူမျိုးများပါ သနပ်ခါးကို နှစ်ခြိုက်စွာ အသုံးပြုကြပါကြောင်း၊ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတော်အစိုးရကလည်း နှစ်စဉ် တပို့တွဲလပြည့်နေ့ကို **"မြန်မာ့သနပ်ခါးနေ့"**အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ ယူနက်စကိုအဖွဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းမည့် **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"** (Practice of Thanakha Culture in Myanmar) ကိုလည်း မြန်မာ့ရိုးရာ အတာသင်္ကြန်ကဲ့သို့ အောင်မြင်စွာဖြင့် တင်သွင်းနိုင်ရေး၊ လစ်ဟာမှုမရှိရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"** (Practice of Thanakha Culture in Myanmar)ကို အောင်မြင်စွာဖြင့် အသိအမှတ်ပြု တင်သွင်းနိုင်ရန် လိုအပ်သည့် အချက်အလက်များကို အကြံပြုပေးကြရန် အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာရှင်အဖွဲ့ အတွင်းရေးမှူးတို့က မြန်မာ့သနပ်ခါး၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို UNESCO သို့ တင်သွင်းရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ပညာရှင်အဖွဲ့ဝင်များက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့အား UNESCO ICH တင်သွင်းခြင်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်တို့က "မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့" (Practice of Thanakha Culture in Myanmar)နှင့် ပတ်သက်၍ သက်ဆိုင်သည့် အချက်အလက်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

## တိုင်းဒေသကြီးများတွင် ဆိုလာစီမံကိန်းများဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ကုန်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်သည့် တိုင်းဒေသကြီးများတွင် အသား၊ ဥထုတ်လုပ်ရန်၊ နေရောင်ခြည်ကောင်းစွာရသည့် တိုင်းဒေသကြီးများတွင် ဆိုလာစီမံကိန်းများဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီသွားရန် ရှိကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ချေးငွေများထုတ်ချေးထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေ အရင်း၊ အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ဧရိယာများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးခဲ့မှု အခြေအနေများကို သုံးသပ်မှတ်တမ်းတင်ရန်၊ ချေးငွေများ ထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကိုစနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင် ထားရှိနိုင်ရေး၊ လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက်ရောက်လာကြသူများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေး စာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်း ဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ကော်မတီအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တို့မှ တင်ပြလာကြသော ချေးငွေသက်တမ်း တိုးမြှင့်ခွင့်ပြုရေး၊ စိုက်ပျိုးရေအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေတင်စက်တပ်ဆင်ခြင်းနှင့် ဆိုလာစနစ်တည်ဆောက်ခြင်းတို့ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၃)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အကဲဖြတ်နိုင်မှုစွမ်းဆောင်ရည် မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ






**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနတစ်ခုဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ အကဲဖြတ်နိုင်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁)၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနတစ်ခု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် ကြိုးကြပ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းအပိုင်းသည် အရေးကြီးကြောင်းနှင့် အာဆီယံ - ဂျပန်ဗဟိုဌာန၏ အကူအညီပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ - ဂျပန်ဗဟိုဌာနမှ Head of Bilateral Programme ဖြစ်သူ Mr. Phutsakhon SENGMANIPHON က အာဆီယံ - ဂျပန်ဗဟိုဌာန၏ အသိပညာ မျှဝေမှုများနှင့် နည်းပညာ ဖလှယ်မှုများမှတစ်ဆင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆောင်ရွက်ချက်များကို အထောက်အကူပြုလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဝန်ဆောင်မှုပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာ ထိရောက်မှုရှိစေရေးတွင် ကြီးကြပ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းအပိုင်းသည် အဓိကကျကြောင်းနှင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲအတွင်း နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် Ms. Premila Nazareth Satyanand က နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် မဟာဗျူဟာများ၊ ကြီးကြပ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်နှင့် နည်းလမ်းများ၏ အရေးပါပုံတို့ကို မျှဝေဆွေးနွေးသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲမှ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနအဖြစ် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဝန်ထမ်းများအနေဖြင့် အကဲဖြတ် သုံးသပ်နိုင်မည့် စွမ်းဆောင်ရည်နှင့် ထိရောက်သည့် အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နိုင်မည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအား လေ့လာသိရှိနိုင်မည့်အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ အာဆီယံ - ဂျပန်ဗဟိုဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အသိပေး နှိုးဆော်ချက်**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂-၂-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အတူတကွထာဝရရှင်သန်ရမည့် ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ကြရမည့်အချိန်

ခင်ရတနာ

ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

ပြည်ထောင်စုနေ့ဟု နေ့ထူးနေ့မြတ်သတ်မှတ်ကျင်းပရခြင်း၏ အကြောင်းခံကပင် ထင်ရှားသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ပန်းဝင်ခါနီးအချိန် တောင်တန်း-ပြည်မ မခွဲခြားဘဲ ဗြိတိသျှလက်အောက်ခံဘဝမှ လွတ်လပ်ရေးအောင်ပန်းကို တစ်စိတ်တစ်ဝမ်းတည်း အတူတူအရယူမည်ဟု ကြွေးကြော်လက်ခမောင်းခတ်သည့်နေ့။ ပင်လုံမြေကို သက်သေပြု၍ အတူတကွဟူသည့် ပြည်ထောင်စုစိတ်ဓာတ်ကို စာချုပ်ပေါ် ကမ္ပည်းတင် လက်မှတ်ထိုးကြသည့်နေ့။ ထို့ကြောင့်ပင် ပြည်ထောင်စုနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သည့် သွေးစည်းညီညွတ်မှုကို ပြသသည့် နေ့တစ်နေ့ဖြစ်ပါသည်။

### အတိတ်ဆီသို့

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့်အချိန် နီးကပ်လာလေလေ တောင်တန်းဒေသများကို လွတ်လပ်ရေးမပေးဘဲ ချန်ထားရန် အကြံပေါက်လေလေဟု ဆိုရမည်။ သူတို့အကြောင်းပြချက်မှာ ပြည်မနှင့် တောင်တန်းဟူသည် သီးခြားဟု အကြောင်းပြသည်။ ပြည်မကို လက်လျှော့လိုက်ရလျှင်ပင် ပတ်လည်ဝိုင်းနေသည့် တောင်တန်းဒေသများအား သူတို့ ဆက်လက်ကိုင်တွယ်ခြင်းဖြင့် ပြည်မကိုအချိန်မရွေးထိန်းချုပ်နိုင်လိမ့်မည်ဟု အထင်ရှိပုံရသည်။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးမူဝါဒတစ်ရပ်ဖြစ်သည့် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကြေညာသည်။

ထိုစာတမ်း၏ အဓိကဆိုလိုချက်များတွင် မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးများ ဦးစွာလုပ်ဆောင်မည်။ ပြီးလျှင် ဥပဒေပြုလွှတ်တော်နှင့် အစိုးရအဖွဲ့ ဖွဲ့စည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမည်။ ဗြိတိသျှပါလီမန်က အခြေခံဥပဒေကို အတည်ပြုပေးပြီး အခြားကတိကဝတ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမည်ဟုဆိုသည်။ သို့သော် ကချင်၊ ကယား၊ ကရင်၊ ချင်းစသည့် တောင်တန်းဒေသများက ပြည်မနှင့် ပူးပေါင်းရန် ဆန္ဒမရှိသရွေ့ မြန်မာဘုရင်ခံက ပြည်မနှင့်ခွဲကာ သီးခြားအုပ်ချုပ်မည်ဟု ပါရှိသည်။

ထိုစဉ်ကပင် တစ်စိတ်တစ်ဝမ်းတည်း ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် တိုင်းရင်းသားလူငယ်များက ပင်လုံမြို့လေးတွင် စုပေါင်းတွေ့ဆုံရင်း ပင်လုံညီလာခံကို ဆင်နွှဲကြသည်။ ထို့အတူ ဗိုလ်ချုပ်တို့ လန်ဒန်သို့သွား၍ လွတ်လပ်ရေးပေးရန် သွားရောက်ချုပ်ဆိုသည့် အောင်ဆန်း -အက်တလီစာချုပ်တွင် စာပိုဒ်တစ်ပိုဒ်ပါလာသည်။ ပင်လုံအထူးကွန်ဖရင့်အစည်းအဝေးပြီးပါက တောင်တန်းဒေသတို့က ပြည်မနှင့်အတူ လွတ်လပ်ရေးရယူလိုသော သဘောထားတူညီမှသာ တစ်နိုင်ငံလုံးကို လွတ်လပ်ရေးပေးမည်ဟု ပါရှိသည်။

ပင်လုံညီလာခံသည် တိုင်းပြည်၏ အနာဂတ်ကို အဆုံးအဖြတ်ပေးခဲ့သည်။ ရှမ်းပြည်လူထု၏ **"သွေးခွဲသမားအလိုမရှိ၊ လွတ်လပ်ရေးချက်ချင်းပေး၊ ရှမ်း-မြန်မာ တောင်တန်းသားများ ပူးပေါင်းကြ"** စသည့်ကြွေးကြော်သံများဖြင့် ဒီမိုကရေစီအနှစ်သာရ ပြည်မ-တောင်တန်းသားအားလုံး



အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန် လန်ဒန်မြို့သို့သွားရောက်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို တွေ့ရစဉ်။

တန်းတူညီမျှ အခွင့်အရေးရရှိရန်ဟူသည့် သဘောထားပေါ်တွင် တောင်တန်းသားများ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေးကို အခြေခံသည့် သဘောတူညီမှုများဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းသားကိုယ်စားလှယ် ၂၃ ဦးတို့ ပြည်မနှင့်ပူးပေါင်းရန် သဘောတူသော ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်ကြောင့်ပင် မြန်မာနိုင်ငံသည် တောင်တန်း-ပြည်မ အတူတကွ လွတ်လပ်ရေးကို ရရှိခံစားခွင့်ရခဲ့သည်။

### နီးနီးစပ်စပ် အကျိုးချင်းထပ်၍

ပြည်ထောင်စုသားအားလုံးညီညွတ်ချစ်ကြည်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"လူမျိုးဆိုသည်မှာ သုခ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏"**ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ဖဆပလ ညီလာခံ၌ ထည့်သွင်းပြောကြားခဲ့သည့်အတိုင်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေး အတူတကွရယူခြင်းဖြင့် အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ် ကမ္ဘာကို ကြေညာနိုင်ခဲ့၏။

ဗြိတိသျှတို့သည် အရင်းအမြစ်ပေါကြွယ်ဝပြီး ပထဝီနိုင်ငံရေးအရ ရေခံမြေခံကောင်းမွန်သည့် မြန်မာနိုင်ငံကို ရေရှည်အုပ်ချုပ်ခွင့်ရရန် တိုင်းရင်းသားများအပေါ် သွေးခွဲအုပ်ချုပ်ရေးကို ကျင့်သုံးခဲ့သည်။ ပြည်မနှင့်တောင်တန်း ကူးလူးဆက်ဆံမှုများကို တားမြစ်ထားခြင်းကြောင့် ချစ်ကြည်ရင်းနှီးမှု အားနည်းကာ သွေးကွဲမှုများပင် ရှိခဲ့ဖူးသည်။ သို့သော် အမြော်အမြင်ကြီးမားသည့် မျိုးချစ်တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့အခင်းအကျင်းကို စေ့ငုလေ့လာပါက မျိုးချစ်စိတ်ကိုအရင်းခံ၍ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုကြီးကို တိုင်းရင်းသားအားလုံးနှင့် လက်တွဲတည်ဆောက်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီး မကြာမီကတည်းက စတင်ပေါ်ပေါက်လာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို အဆင့်ဆင့်ချေမှုန်း နှိမ်နင်းခြင်းမှသည် ယနေ့အချိန်အထိ ပြည်ထောင်စုမပြိုကွဲရေးကို ဦးထိပ်ထားကာ အစဉ်တစိုက် လုပ်ဆောင်နေခဲ့သည့် တစ်ခုတည်းသော အင်စတီကျူးရှင်းမှာလည်း တပ်မတော်ပင် မဟုတ်ပါလား။

### မည်သည့်ကိစ္စတွင်မျှ ခွဲခြားခြင်းမရှိ

မိမိတို့နိုင်ငံသည် တိုင်းရင်းသားအခွင့်အရေးဟူ၍ သီးခြားသတ်မှတ်ထားရန် မလိုအပ်အောင်ပင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် မည်သည့်ကိစ္စတွင်မျှ လူများစု၊ လူနည်းစု၊ တိုင်းရင်းသားဟူ၍ ခွဲခြားထားခြင်းမရှိ တန်းတူအခွင့်အရေးများ ရရှိခဲ့ချည်းသာဖြစ်သည်။ သို့သော် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများက မိမိတို့နိုင်ငံ၏ အကျိုးကို မလိုလားသော အနောက်အုပ်စု ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်မှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် ပဋိပက္ခမျိုးစုံကို ဖော်ဆောင်လျက်ရှိသည်။

မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဆုံးရှုံးရခြင်း၊ ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံများစွာတို့မှာလည်း အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် များစွာဆုံးရှုံးပျက်စီးခြင်း ကြုံကြရသည်။ ပြည်တွင်းမတည်ငြိမ်မှု ပဋိပက္ခများကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် လူမှုစီးပွားဘဝများ ထိခိုက်နစ်နာကြရသည်။

စင်စစ် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်၌ တိုင်းရင်းသားအဖွဲ့အချို့တောင်းဆိုနေသည့် အချက်များအားလုံး ပါဝင်ပြီးသားဟူသည်ကို မြင်စေလိုလှပါပြီ။ နိုင်ငံတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်သတ်မှတ်ကာ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ထားခြင်းဖြစ်သည်ကို သတိချပ်စေလိုပါသည်။ ပဋိပက္ခများကြောင့် သက်ဆိုင်ရာဒေသနှင့် ဒေသခံများ အတိဒုက္ခရောက်ကြရသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင်ပါ များစွာထိခိုက်နစ်နာဆုံးရှုံးနေကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြပြီးနောက် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို ရည်မျှော်ကာ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်း၍ မိမိတို့အားလုံးမျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာစေရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးမှာ တိုင်းရင်းသားပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။

### ငြိမ်းချမ်းသောအနာဂတ် ပြည်သူအားလုံးမျှော်လင့်ချက်

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရန် အခြေခံလိုအပ်ချက်သည် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပြီး

စာမျက်နှာ ၇ သို့ ❒

> **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရန် အခြေခံလိုအပ်ချက်သည် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြသော်လည်း ယနေ့တိုင် ပဋိပက္ခတို့ မပြီးဆုံးနိုင်သေး။ ပြည်ထောင်စုဖွားတိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ရန်လိုအပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ငြိမ်းချမ်းရေးထက် အရေးကြီးသည့် အခြားလုပ်ငန်းမရှိသည်ကို သဘောပေါက်ခံယူကာ အမျိုးသားအကျိုးစီးပွားမှအပ အခြားအကျိုးစီးပွားများကင်းရှင်းစွာ ပကတိအရှိတရားကို သိမြင်နားလည်ရန်လိုအပ်"**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျိုးကျေးရွာသို့ သွားရောက်ပြီး ရောင်ခြည်ဦးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား ဦးစိန်သန်း၏ ဆီစက်လည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ပွေးလှကျေးရွာသို့ သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့် တွေ့ဆုံကာ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် ပန့်ပုန်းကျေးရွာသို့ ရောက်ရှိပြီး ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများအား မိမိပိုင်ပစ္စည်းကဲ့သို့ Ownership Mindset မွေးမြူ၍ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြား၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ တော်ဝင် Tgi အထည်ချုပ်နှင့် တံဆိပ်ရိုက်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်အရင်းအနှီးများရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပဲခူး ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝင်္ဂဘော်ကျေးရွာအုပ်စု သရက်ကုန်းကျေးရွာအနီး ဇောင်းတူရေသောက်စနစ် လက်တံ(၂) တူးမြောင်း၌ ရေဒလက် တပ်ဆင်၍ ကုန်းမြင့်နေရာရှိ နွေစပါးဧက ၂၀ ရေတင်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ခာတ်မြေသြဇာ၊ ပိုးသတ်ဆေးလျှော့ချသုံးစွဲနိုင်ရေး မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်း ဧက ၁၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒေသကြက်နှင့်ဒေသဝက်အား ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူရန်နှင့် ကုန်ထုတ်လမ်းတစ်လျှောက် အရိပ်ရပြီး စားသုံးနိုင်သည့် သီးပင်စားပင်များ စိုက်ပျိုးသွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် မယင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းထိုက်အောင်၏ ကာကီကင်း ဥစားဘဲကောင်ရေ ၃၂၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နေပြည်တော် အမှတ်(၆) အထက၌ ပြည်ထောင်စုနေ့အကြို လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ပြည်ထောင်စုနေ့အကြို လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ဦးဆောင်၍ အထက (၆) ကျောင်းသားကျောင်းသူ ငါးဦးက လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မရမ်းကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**မရမ်းကုန်း ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက အလုံမြို့နယ်



သစ်တောဦးစီးဌာနမှုကြီးမှူး၍ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ တောမီးလောင်ကျွမ်းမှုထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမမက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကောင်းမြတ်သူက သစ်တောသယံဇာတများအား ထိန်းသိမ်းရန်၊ တောင်ယာလုပ်ငန်းခွင်မီးရှို့မှုများမပြုလုပ်ရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသောအကြောင်းအရာများနှင့် ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုရဲ (ပြန်/ဆက်)**

# သမဝါယမအသင်းများမှ ဆီနေကြာများစိုက်ပျိုးထားရှိ

**တောင်ကြီး ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ရောင်နီဦးလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၊ တောင်ကြီးမြို့နယ် ပန့်ပုန်းကျေးရွာရှိ ပန်းချယ်ရီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ပင်းတယမြို့နယ် ပွေးလှကျေးရွာရှိ ပွင့်လန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းများရှိ အသင်းသားပိုင်ယာမြေများတွင် အသင်းသားတောင်သူများက ဆီနေကြာများစိုက်ပျိုးထားရှိသည်။

အဆိုပါနေကြာများ ထွက်ရှိလာပါက ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်၊ သမဝါယမအသင်းသားပိုင်ဆီစက်များနှင့် ချိတ်ဆက်၍ အရည်အသွေးပြည့်မီသော နေကြာဆီများ ကြိတ်ခွဲရောင်းချနိုင်ရေးနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လူ့အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ်(၂/၂၀၂၅)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်အမှတ် (၁၆/၂၀၂၅) ဖြင့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၈)ဦးပါဝင်သော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံသားများ၏ လူ့အခွင့်အရေးများ တိုးတက်ဖော်ဆောင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပြည့်ဝစေရန် ရည်သန်လျက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုအသွင်သဏ္ဌာန်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်စေရန် တို့အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ဖွဲ့စည်းရပ်တည်လျက်ရှိသော ကော်မရှင်သည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကလုပ်ငန်းတာဝန်များဖြစ်သော ပြည်သူများအား လူ့အခွင့်အရေး ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးမြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်း မရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆောင်ရွက်ခြင်း စသည့် ကျယ်ပြန့်သိမ်မွေ့သော တာဝန်နှင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကော်မရှင်သည် နိုင်ငံသားများ၏အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လုပ်ငန်းများထိရောက်စေရန်အလို့ငှာ ရှေ့လုပ်ငန်းစဉ် မူဘောင် (The Framework of Action Plan) တစ်ရပ်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ရေးဆွဲချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းမူဘောင်နှင့် စီမံချက်တို့တွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်တန်ဖိုးများကို အများပြည်သူသိရှိနားလည်မှု တိုးမြှင့်စေရန်၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများ လျော့ပါးစေရေးအတွက် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို နည်းလမ်းတကျ ဆောင်ရွက်ရန်၊ တည်ဆဲဥပဒေများ ပြင်ဆင်ခြင်းနှင့် ဥပဒေကြမ်းများရေးဆွဲခြင်းတို့တွင် လူ့အခွင့်အရေးစံများ ထည့်သွင်းစဉ်းစားလာစေရန်၊ နိုင်ငံတော်မှ ပါဝင်ချုပ်ဆိုခြင်း မပြုရသေးသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များကို လေ့လာသုံးသပ်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးယန္တရားများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် email လိပ်စာဖြစ်သော **protection @mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်။ ကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ ကော်မရှင်သည် နိုင်ငံတော်၏လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ လိုအပ်ပါက လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၇။ ကော်မရှင်သည် လူ့အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

## ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ကျောင်းတွင်းအားကစားပြိုင်ပွဲ ဖွင့်လှစ်





**ပုသိမ် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျောင်းအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဆက်လက်၍ ပုသိမ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက အားကစားပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခေါင်းဆောင်ဆရာ ဆရာမများနှင့် အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သရုပ်ပြဖျော်ဖြေပြသမှုများနှင့် လွန်ဆွဲပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများသည် ပုသိမ်မြို့ အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်းတွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော KG ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် နှစ်ကြိမ်နှင့် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ကျွေးမွေးလျက်ရှိရာ ပုသိမ်မြို့နယ်တွင် ယနေ့အထိ အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၅၀ တွင် ကျွေးမွေးပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပုလောမြို့နယ်၌ KG ကျောင်းသား ကျောင်းသူ ၆၁၉ ဦးအား အာဟာရကျွေးမွေး

**ပုလော ဖေဖော်ဝါရီ ၅**

ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာကျောင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပုလောမြို့နယ် အခြေခံပညာကျောင်း ၁၃ ကျောင်းမှ KG ကျောင်းသားကျောင်းသူ ၆၁၉ ဦးအား ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

ထိုသို့ အာဟာရကျွေးမွေးရာတွင် အာဟာရပြည့်ဝမျှတ၍ ကျန်းမာရေးနှင့်ညီညွတ်မှုရှိသော ကြက်ဥပြုတ်၊ ပဲဟင်းချို၊ ရွှေဖရုံသီးပေါင်း၊ ဖီးကြမ်း၊ ထမင်း(ပုံစံ-၁)၊ ကြက်သားပေါင်း၊ အသီးအရွက်ကြော်၊ မြေပဲလှော်၊ ပဲဟင်းချို၊ ထမင်း(ပုံစံ-၂) အုပ်စုအလိုက် KG ကျောင်းသားကျောင်းသူ ၆၁၉ ဦးအား ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများက နေ့လယ်စာကျွေးမွေးခဲ့ကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**



တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ ဖြစ်တဲ့အတွက် တစ်နေရာတည်းမှာ တိုင်းဒေသကြီး/ ပြည်နယ်တွေရဲ့ ထုတ်ကုန်တွေကို တွေ့ရမယ်၊ သတင်းအချက်အလက်တွေကို ရရှိနိုင်မယ်၊ စီးပွားရေး လုပ်ငန်းအချင်းချင်း တွေ့ဆုံချိတ်ဆက်မှုတွေကြောင့် လုပ်ငန်းချင်း ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်နိုင်မယ်

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံး ထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှု အစီအစဉ်လည်း ပါဝင်ပြီး ထိုသို့ဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၏ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အဆိုပါ ဆပ်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်-

**မေး။ ။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် MSME ကျင်းပတဲ့အခါ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်နိုင်ဖို့ ဘယ်လိုတွေ ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြပွဲရဲ့ လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) မှာ MSME လုပ်ငန်းတွေအတွက် အကျိုးကျေးဇူးရရှိစေမယ့် ပြည်တွင်းဈေးကွက် ချိတ်ဆက်မှု၊ ပြည်ပ ဈေးကွက် ချိတ်ဆက်မှု၊ ဘဏ္ဍာငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာ အစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့် အစီအစဉ်တွေပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Morden စတိုးတွေ၊ လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G and G စတဲ့ဆိုင်တွေမှာ ရောင်းချနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၄ ရက်အထိ မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာ ဖြစ်ပါတယ်။

အဲဒီလိုပဲ ပြည်ပဈေးကွက် ချိတ်ဆက်မှုအနေနဲ့ ပြည်ပတင်ပို့နေတဲ့ Exporters တွေ၊ နိုင်ငံ ၁၂ နိုင်ငံက စေလွှတ်ထားတဲ့ စီးပွားရေးသံမှူး ၁၆ ဦးတို့နဲ့ Video Conferencing စနစ်နဲ့ ချိတ်ဆက်ပေးဖို့ စီစဉ်ထားပါတယ်။ ဘဏ္ဍာငွေရရှိရေး ချိတ်ဆက်မှုအနေနဲ့ ပုဂ္ဂလိကဘဏ် ရှစ်ခုကနေ ဘဏ်ချေးငွေရရှိရေး ဘဏ်တွေရဲ့ ဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ သတင်းအချက်တွေရရှိနိုင်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး က MSME လုပ်ငန်းရှင်တွေက Business Matching Hall မှာ မျက်နှာချင်းဆိုင် တွေ့ဆုံရှင်းလင်း ချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။

ပြခန်းအမှတ် (၂၅)မှာ Business Matching Hall တည်ရှိမှာဖြစ်ပြီး နေ့အလိုက် တွေ့ဆုံမယ့် လုပ်ငန်းရှင်စာရင်းတွေကို အချိန်ဇယားအလိုက် တွေ့ဆုံမှုတွေ ပြုလုပ်နိုင်ဖို့ TV နဲ့ ကြေညာပြသပေးထားမှာ ဖြစ်ပါတယ်။ စာရင်းမပေးထားတဲ့ MSME လုပ်ငန်းရှင်တွေအနေနဲ့ စိတ်ဝင်စားမှုရှိရင် ပြခန်းမှာ လာရောက်စာရင်းပေးနိုင်ပြီး တွေ့ဆုံလိုတဲ့ ဘဏ်၊ လက်လီ/လက်ကားလုပ်ငန်း၊ စီးပွားရေးသံမှူးတွေနဲ့ အဆင်ပြေစွာ တွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်ပေးမှာ ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေ FDA လက်မှတ်ရရှိနိုင်ရေးအတွက် လိုအပ်ချက်တွေနဲ့ FDA လက်မှတ်ရရှိရေး လုပ်ငန်းစဉ်တွေ၊ ကုမ္ပဏီတည်ထောင်လိုတဲ့ MSME လုပ်ငန်းတွေရှိရင်လည်း DICA အရာရှိကလည်း ကုမ္ပဏီတစ်ခု တည်ထောင်ရေးအတွက် လုပ်ငန်းစဉ်တွေ၊ စာရွက်စာတမ်း လိုအပ်ချက်တွေကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။



ဒေါက်တာထိန်လင်း

ဒါ့အပြင် MSME ထုတ်ကုန်တွေအတွက် ကုန်အမှတ်တံဆိပ် (Trade Mark) မှတ်ပုံတင်ရရှိရေးဟာ အရေးကြီးတဲ့အတွက် မူပိုင်ခွင့်ဦးစီးဌာန၊ MSME ထုတ်ကုန်တွေ ပြည်ပကိုတင်ပို့တဲ့ ထုတ်ကုန်တွေ ပို့ကုန်လိုင်စင်လျှောက်ထားတဲ့အခါ Myanmar Trade Net 2.0 အသုံးပြုပုံကို ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စတွေကို သဘောပေါက်နားလည်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနကလည်း MSME လုပ်ငန်းရှင်တွေကို သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလိုလုပ်ငန်းစီးပွားချိတ်ဆက်ရေးဟာ MSME လုပ်ငန်းတွေအတွက် ဘယ်လောက်အထိ အထောက်အကူပြုတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲဖြစ်တဲ့အတွက် တစ်နေရာတည်းမှာ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ ထုတ်ကုန်တွေကို တွေ့ရမယ်၊ သတင်းအချက်အလက်တွေကို ရရှိနိုင်မယ်၊ စီးပွားရေးလုပ်ငန်းအချင်းချင်း တွေ့ဆုံချိတ်ဆက်မှုတွေကြောင့် လုပ်ငန်းချင်းချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်နိုင်မယ်၊ နိုင်ငံတော်ကနေ ချီးမြှင့်တဲ့ ဆုငွေတွေရရှိနိုင်မှာဖြစ်တဲ့အတွက် MSME လုပ်ငန်းတွေအတွက် လက်မလွှတ်သင့်တဲ့အခွင့်အရေးကို ၂၀၂၅ ခုနှစ်မှာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေကနေတစ်ဆင့် အခွင့်အလမ်းတွေ ရရှိပြီး ပိုမို တိုးတက်မှုရရှိအောင် ဝန်ကြီးဌာနအနေနဲ့ ဘယ်လို အားဖြည့်ပံ့ပိုး ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ MSME လုပ်ငန်းတွေအတွက် ဝန်ကြီးဌာနကနေ ပြည်ပကုန်စည်ပြပွဲကို ပါဝင်ပြသနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်တွေ အသုံးပြုနိုင်ရေးတွေကို ဆောင်ရွက်ပေးမယ်။

ပြီးတော့ မြန်မာရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကို တင်ပို့ရာမှာ ဈေးကွက် ဝင်ရောက်ခွင့် GACC လက်မှတ် ရရှိရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း အပါအဝင် မူပိုင်ခွင့်ဆိုင်ရာဥပဒေ၊ စားသုံးသူအခွင့်အရေး ကာကွယ်ရေးအတွက် သိသင့်သိထိုက်တဲ့အချက်တွေ၊ ကုန်သွယ်မှုပိုင်းကနေ MSME တွေအတွက် ဆောင်ရွက်ပေးနေမှုတွေကို ဝန်ကြီးဌာနပြခန်းကနေ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနပြခန်းမှာ ပြည်ပကို တင်ပို့နေတဲ့ ဆန်၊ ပဲမျိုးစုံ၊ ကော်ဖီနဲ့ ပြည်တွင်းကနေ ထုတ်လုပ်တဲ့ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီတွေကို ပြသမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုသင့်တယ်။ တိုင်းရင်းသားရိုးရာအစားအစာဆိုင်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ နာမည်ကြီးအစားအသောက်တွေ ရောင်းချပေးမှာဖြစ်သလို ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းတွေမှာ တကယ်ကို စိတ်ဝင်စားမှုရရှိစေမှာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုသင့်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာဆိုရင် ခေတ်မီမဲစနစ်ပုံစံနဲ့ ဆန်၊ ပဲနဲ့ ဆီကို ပြပွဲကျင်းပမယ့် ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၄ ရက်အထိ နေ့စဉ်ဝေသွားမယ်ဆိုတာကို အသိပေးပြောကြားလိုပါတယ်။




## ထားဝယ်မြို့၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Polytechnic University တို့ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ Polytechnic University ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ပပမင်းက "တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့အန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်တင်ဇာဖြိုးက "အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာမျှဝေ ဟောပြောခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

**အသိပညာပေးစာအုပ်များ**

ဆက်လက်၍ တက်ရောက်လာသူများအား မမြင်နိုင်သော လူသတ်သမား PM2.5 အကြောင်း သိကောင်းစရာ အသိပညာပေး Video Clip ကို ပြသပြီး ကျောင်းသား ကျောင်းသူများနှင့် မေးခွန်းများ မေးမြန်းကာ "ကမ္ဘာမြေ ထိန်းသိမ်းခြင်း" အသိပညာပေး စာအုပ်များကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၉</td><td>International Business Center</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၁၀</td><td>မြို့တော်ခန်းမအနီး (ဆူးလေ)</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td></td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ပုသိမ်ကြီးမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td></td><td colspan="2">ကောင်းမွန်</td><td></td><td></td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၃၄၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၅



တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၄ ဦး၊ ခွဲစိတ်ရောဂါ ၅၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာနှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာလေးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

(၁)အမျိုးသမီး




စက်ဆိပ်ကျေးရွာကပါ။ ယားနာနဲ့ နှလုံးရောဂါ လာပြတာပါ။ ဆရာဝန်တွေက ဆေးကိုပုံမှန်သောက်ဖို့ ဆေးတွေပေးလိုက်ပါတယ်။ ပြီးတော့ အရေပြားတွေလည်း တအားမကုတ်ဖို့ ပြောပါတယ်။ တအားကုတ်ရင် ပိုးတွေဝင်တတ်တယ်လို့ ပြောပါတယ်။ နှလုံးကျတော့ အခုနေကတော့ သိပ်ပြီးတော့ ဘာမှမဖြစ်သေးဘူးတဲ့။ နည်းနည်းပါးပါး တစ်ချက်၊ တစ်ချက် အောင့်တာပဲ ရှိပါတယ်။ အဆင်ပြေပါတယ်။ များသောအားဖြင့်က ဆေးခန်းကို တော်တန်ရုံ မပြနိုင်ကြဘူး။ ပိုက်ဆံက သိပ်ပြီး မတတ်နိုင်ကြဘူး။ တချို့ကျတော့လည်း ပိုက်ဆံကတော့ရှိပေမယ့်တပ်မတော်ကထုတ်တဲ့ဆေးက အကောင်းစားတွေ များတယ်။ အဲတာကြောင့် လာပြီးတော့ ဆေးလာကုသကြတာ များပါတယ်။ နှလုံးသမားတွေ ဆိုလို့ရှိရင်လည်း ဆရာဝန်တွေက ECG စက်တွေရော ဘာတွေရော တစ်ခါတည်းဆိုတော့ ဒီမှာတစ်ခါတည်း ပြပြီးတော့ ဆေးလည်းတစ်ခါတည်းရလို့ ငွေကုန်လည်း သက်သာတယ်။ လူလည်း ပင်ပန်းတာ သက်သာတယ်။ မြို့တွေကို သွားစရာ မလိုတော့ဘူး။ ရောဂါဖြစ်ရင် ပုသိမ်သွားရတယ်။ ဟိုင်းကြီးကျွန်းသွားရတယ်။ အဲဒီလိုမျိုးတွေ သွားရတာရှိတယ်။ သွားရမယ်ဆိုလို့ရှိရင် ကျွန်မတို့က ဒီကနေ ရှပ်ပြေးနဲ့ မိုးမလင်းခင် စီးပြီး သွားရပါတယ်။ ပုသိမ်ရောက်ရင်လည်း ချက်ချင်းပြလို့ မရဘူး။ နောက်တစ်နေ့မှ ပြရပါတယ်။ ခရီးကြန့်ကြာပြီး ငွေလည်း ကုန်ပါတယ်။ အခုကျတော့ ငွေလည်း မကုန်တော့ဘူး။ အခုလို




လာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ ဆေးလာရောက်ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ နောက်နှစ်တွေကိုလည်း လာရောက်ကုသပေးဖို့ ဖိတ်ခေါ်ပါတယ်။

(၂)အမျိုးသား

မျက်စိလာပြတာပါ။ မျက်စိက တိမ်သားတက်နေလို့ ခြစ်ရမယ်လို့ ပြောပါတယ်။ ဆရာဝန်က သွေးစစ်ခိုင်းတယ်။ သွေးစစ်ပြီးတော့မှ မျက်သားကိုခြစ်ပေးမယ်လို့ ပြောပါတယ်။ အခုလိုသွေးကို ဒီမှာတစ်ခါတည်းစစ်လိုက်တဲ့အခါကျတော့လည်း အဖြေတစ်ခါတည်း ထွက်တဲ့အခါကျတော့ မြို့ပေါ်ကို သွားစရာမလိုတော့ဘူး။ ဒီမှာတင်လုပ်ပေးတော့ ပိုပြီးအဆင်ပြေတယ်။ ဝမ်းသာပါတယ်။ အခုလို မြန်မြန်ဆန်ဆန်လေးနဲ့ အားလုံးအဆင်ပြေအောင် လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ အတွက်လည်း ငွေကြေးကုန်ကျစရိတ် အများကြီး သက်သာပါတယ်။ လုပ်ငန်းတွေလည်း မပျက်တော့ဘူး။ အဲတာကြောင့် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို ဆေးလာကုပေးတဲ့ တပ်မတော်သားအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး ကောင်းမွန်ကျနစွာ အထူးတလည် လာရောက် ကုသပေးတဲ့အတွက်ကိုလည်း အလွန်ပဲကျေးဇူး တင်ရှိပါတယ်ခင်ဗျာ။ နောင်လည်း လာရောက်ကုသဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံ့တာဝန် ထမ်းဆောင်နေတဲ့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်ခင်ဗျာ။

သတင်းစဉ်



# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ခရိုင်သစ်တောဦးစီးဌာနက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(အထက စိုက်မွေး)၌ ယမန်နေ့က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(အထက စိုက်မွေး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဌွေးက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသိန်းမင်းထွန်းက သစ်တောထွက်သယံဇာတပစ္စည်းများအား ထိန်းသိမ်းရန်၊ သစ်တော၊ သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသောအကြောင်းအရာများနှင့် ပျက်စီးဆုံးရှုံးမှုကိုကာကွယ်ရန် နည်းလမ်းများအကြောင်းကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျော်စွာမိုး

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အမေရိကန်နုတ်ထွက်သည့် အမိန့်တစ်ရပ် သမ္မတ ဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC)မှ အမေရိကန်နိုင်ငံ နုတ်ထွက်သည့် အမိန့်တစ်ရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးကြောင်း သိရသည်။



အဆိုပါအမိန့်တွင် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများအေဂျင်စီ (UNRWA) အဖွဲ့မှ နုတ်ထွက်မည့်အစီအစဉ်လည်း ပါဝင်သည်။

သို့သော် အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)သို့ ဝင်ရောက်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုမည်ဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC) နှင့် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများအေဂျင်စီ (UNRWA) တို့သည် အစ္စရေးနိုင်ငံနှင့် သဘောထားကွဲလွဲမှုများရှိသည့်အတွက် အမေရိကန်နိုင်ငံအနေဖြင့် အဆိုပါအဖွဲ့အစည်းနှစ်ရပ်မှ နုတ်ထွက်ခြင်းဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။

ဒေါ်နယ်ထရမ့်၏ ပထမသက်တမ်းကာလအတွင်း အမေရိကန်နိုင်ငံကို ၂၀၁၈ ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်ခဲ့သည်။

ထို့နောက် သမ္မတဟောင်းဂျိုးဘိုင်ဒင် လက်ထက်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်က အမေရိကန်နိုင်ငံကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လေ့လာစောင့်ကြည့်သည့် နိုင်ငံအဖြစ် ပြန်လည်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်မှစပြီး ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများအေဂျင်စီ (UNRWA)သည် ဂျော်ဒန်၊ လက်ဘနွန်၊ ဆီးရီးယား၊ ဂါဇာကမ်းမြောင်နှင့် အရှေ့ဂျေရုဆလင် အပါအဝင် အနောက်ဘက်ကမ်းရှိပါလက် စတိုင်းဒုက္ခသည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာဒေသတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းကော်မတီဖွဲ့စည်းမည်



**ဂျေရုဆလင် ဖေဖော်ဝါရီ ၅**

ဂါဇာဒေသတွင်ကူညီကယ်ဆယ်ရေးနှင့် အထွေထွေကိစ္စရပ်များ စီမံခန့်ခွဲဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီတစ်ရပ်ကို ပါလက်စတိုင်း သမ္မတမာမွတ်အဘတ်၏ ညွှန်ကြားချက်ဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက်မူစတာဖာက ယမန်နေ့တွင် ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် ပါလက်စတိုင်းသားများ သွေးစည်းညီညွတ်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် မူစတာဖာက ရာမာလာမြို့တွင် ကျင်းပသည့် ပါလက်စတိုင်း အစိုးရအဖွဲ့ အစည်းအဝေးတွင် မှတ်ချက်ပြုပြောကြားသည်။ ယခုဖွဲ့စည်းမည့်ကော်မတီသည် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပိုမိုရောက်ရှိရေး၊ သယ်ယူ ပို့ဆောင်ရေးအတွက် ဒေသအတွင်းရှိ လမ်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့်ဒေသခံများအတွက် ခိုလှုံရန် ယာယီအဆောက်အအုံများ တည်ဆောက်ရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

ပါလက်စတိုင်းအစိုးရ အနေဖြင့် ဒေသခံများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းများကို အမြန်ဆုံး ပြန်လည်လုပ်ငန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဟု ဝန်ကြီးချုပ် မူစတာဖာက ပြောကြားသည်။ ဂါဇာဒေသခံများသည် တစ်နှစ်ကျော်မျှ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခြင်းဒဏ်ကို ခံစားခဲ့ရသည့်အတွက် ၎င်းတို့အား ထောက်ပံ့ကူညီရေးသည် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း ဝန်ကြီးချုပ် မူစတာဖာက မှတ်ချက်ပြု ပြောကြားသည်။

ဂါဇာဒေသတွင် အစ္စရေး၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဒေသ၏ အခြေခံအဆောက်အအုံနှင့် စီးပွားရေးကဏ္ဍများတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကန်ဒေါ်လာ ၅၀ ဘီလီယံကျော်ရှိခဲ့ကြောင်း သိရသည်။ ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အီဂျစ်နိုင်ငံနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်ဟု ပါလက်စတိုင်းဝန်ကြီးချုပ်က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ခုနှစ် ရသုံးငွေစာရင်းတွင် အမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့်ဖြတ်တောက်နိုင်ဖွယ်ရှိ

**ဂျီနီဗာ ဖေဖော်ဝါရီ ၅**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ၂၀၂၆–၂၀၂၇ ခုနှစ် ရသုံးငွေစာရင်းတွင် အမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့် ဖြတ်တောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။



အမေရိကန်နိုင်ငံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်ရန် ကြေညာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရသုံးငွေစာရင်းကို အထက်ပါအတိုင်း ခန့်မှန်းတွက်ချက်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးမားဆုံး အလှူရှင်နိုင်ငံဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများသည် ရသုံးငွေစာရင်းနှင့် အခြားကိစ္စရပ်များနှင့် ပတ်သက်ပြီး အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးတွင်ဆွေးနွေးလျက်ရှိသည်။ အဆိုပါဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

လာမည့်နှစ်နှစ်အတွင်း ရသုံးငွေစာရင်း၏ အခြေခံအပိုင်းကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံအထိ လျှော့ချခွဲဝေသုံးစွဲရန် အဆိုပြုထားသည်။ မူလအဆိုပြုချက်တွင် ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံခန့် ခွဲဝေပေးရန် တောင်းဆိုခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သောအစီရင်ခံစာတစ်ရပ်အရ သိရသည်။

အကြီးမားဆုံး ငွေကြေးပံ့ပိုးသည့်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့သည့်အတွက် ရသုံးငွေစာရင်းကို ပုံမှန်အတိုင်း ရေးဆွဲဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ရှင်းလင်းပြောကြားသည်။

ဝန်ထမ်းများ စုဆောင်းခြင်းကို ခေတ္တရပ်ဆိုင်းထားရန်၊ ခရီးသွားစရိတ်များကို ဖြတ်တောက်ရန်နှင့် ကုန်ကျစရိတ်များကို လျှော့ချရန် ဂါဘရီယီဆက်စ်က ပြောကြားသည်။

ထို့ပြင် အမေရိကန်နိုင်ငံ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကူးစက်ရောဂါများကို ကိုင်တွယ်ဖြေရှင်းနိုင်မှုနှင့် အခြားသော အခြေအနေများကို တုံ့ပြန်သည့် အဖွဲ့အစည်း၏ လုပ်နိုင်စွမ်းရည်အပေါ် ထိခိုက်မည်ကို စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သမာသမတ်ကျပြီး ကမ္ဘာ့ပြည်သူအားလုံးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဂါဘရီယီဆက်စ်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆွီဒင်နိုင်ငံတောင်ပိုင်းရှိ ပညာရေးစင်တာတစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

**စတော့ဟုမ်း ဖေဖော်ဝါရီ ၅**

ဆွီဒင်နိုင်ငံတောင်ပိုင်းရှိပညာရေးစင်တာတစ်ခုတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးကြောင်း သိရသည်။

သေနတ်ပစ်ခတ်ခဲ့သည့် သံသယရှိသူသည် သေဆုံးသူများထဲတွင် ပါဝင်ကြောင်း ဆွီဒင်ရဲအရာရှိများက ပြောကြားသည်။

နိုင်ငံတောင်ပိုင်း အိုရီဘရိုမြို့ရှိ ပညာရေးစင်တာတစ်ခုတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူများလည်း ရှိကြောင်း သိရသည်။

အဆိုပါပညာရေးစင်တာသည် ရွှေ့ပြောင်းနေထိုင်သူများအတွက် သင်္ချာ၊ သိပ္ပံနှင့် အခြားပညာရပ်သင်တန်းများအပြင် သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဆွီဒင်ဘာသာစကားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး လူသတ်မှု အပါအဝင် အခြားပြစ်မှုများကိုပါ စုံစမ်းစစ်ဆေးနေကြောင်း ရဲအရာရှိများက ပြောသည်။

သေနတ်သမားသည် တစ်ဦးတည်း ကျူးလွန်ဖွယ်ရှိကြောင်းလည်း ၎င်းတို့က ခန့်မှန်းပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးကြောင်းနှင့် ယင်းဖြစ်ရပ်မှာ ကြောက်မက်ဖွယ်ကောင်းသော အကြမ်းဖက်လုပ်ရပ်ဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။

အပြစ်မဲ့ပြည်သူ အများအပြား အသက်ဆုံးရှုံးခဲ့ရသည့်အတွက် ဝမ်းနည်းမိပါကြောင်း ဆွီဒင်ဝန်ကြီးချုပ် ခရစ်တာဆန်က သတင်းထောက်များအား ပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် ဆွီဒင်နိုင်ငံ၏ သမိုင်းတွင် အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၄၆၈၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၂၉၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၄၀၉၃၄၁၆၂ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Foton Auman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၇၅၆၀၉၉၆၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၃၀၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၉၇၉၀၀) အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Hnin Kyar Phyu Pickup တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ တန့်ယန်းမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၅၂၆၉၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၉၃၆၈၆၂) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်း သိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့်လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါရှိသည်။



ဇန်နဝါရီလအတွင်း သိမ်းဆည်းရမိမှု။

**သိမ်းဆည်းရမိ**

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းရရှိမှု ၆၃ ကြိမ်ရရှိခဲ့ပြီး သတင်းမှားရှစ်ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် သိမ်းဆည်းရမိမှု ၅၄ ကြိမ် ဖြစ်သည်။

သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိ အမှုတွဲ ၈၁ မှု ဖွင့်လှစ်ထားပြီး သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄ ဒသမ ၀၆၉ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ အပါအဝင် လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။

ဇန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု တန်ဖိုးငွေကျပ် ၉၂၄ ဒသမ ၀၆၉ သန်း၏ ၂၀ ရာခိုင်နှုန်း ဖြစ်သောငွေကျပ် ၁၈၄ ဒသမ ၈၁၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၅

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၂-၂၀၂၅ ကြာသပတေးနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓမ္မသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၉:၁၀ | NRC အစီအစဉ် |
| ၀၉:၂၅ | ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြတေး |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြအစီအစဉ် 'မွန်တိုင်းရင်းသားတို့၏ရှေးစရာရိုးရာအိမ်ကလေးများ' |
| ၁၁:၃၀ | ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြအစီအစဉ် 'ပေါ်လပြိုင်ပုန်းဟင်းအိုး' |
| ၁၁:၄၀ | NEXT LEVEL |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | '၂၀၂၅ နှစ်တရုတ်နှစ်သစ်ကူးညချမ်း ပဒေသာပျော်ပွဲ' ထုတ်လွှင့်မှုအစီအစဉ် |
| ၁၄:၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အလင်းဖမ်းသူများ'** (အပိုင်း-၁၂) |
| ၁၅:၃၀ | မျိုးဝတ်တင့်စေဆိုကရေးတီးအငွေ |
| ၁၆:၄၅ | ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြ အစီအစဉ် |
| ၁၇:၁၀ | Soccer View |
| ၁၇:၂၅ | လူမှုစီးပွားသတင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၄၀ | ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြအစီအစဉ် 'တို့ပြည်ထောင်စုတည်ထောင်ပြု စည်းလုံးခြင်းအငွေ့ပင်လုံမြေ' |
| ၁၈:၅၀ | ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြတေး |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ **'ရတနာပုံ'** (အပိုင်း-၁၈) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အလင်းဖမ်းသူများ'** (အပိုင်း-၁၃) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe) |
| 07:12 | Shwedagon Buddha Museum |
| 07:47 | Malikha & Fairy Island |
| 08:01 | News |
| 08:26 | Topics Potpourri; A Community Effort for Reviving the Vejle Fjord |
| 08:32 | Healthy Diet: Detox Water |
| 08:41 | The Banjoist |
| 09:01 | Discovering Tribes: Taung Yoe (Their Life and Customs) |
| 09:23 | Tastes of Home Land: Salt and Pepper Prawns |
| 09:37 | Famous Ywar Ngan Coffee From Shan Highlands |
| 10:01 | News |
| 10:27 | The Coloured Glass Ball (Ywal) Juggling Master |

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဒုံးရိုးရာဒေါင်းပေါင်းပေါင်းနည်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
စံကားမြို့တောင်းနှင့်ဖယ်ခုံအင်းအလှ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တန်စွန်းရှက်နှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ငါးဆုပ်ဆန်လော့ဟင်းနှင့်ဆန်လော့ကြော်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာဇပြိုဟ်ရေလှောင်တမံ

**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချို)ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
စော်ဘွားကြီးစဝ်ရွှေသိုက်နှင့်ညောင်ရွှေဟော်နန်းသမိုင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၈:၄၅ | ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင် |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**ရုရှားနိုင်ငံ**) |
| ၀၉:၃၀ | ဥပဒေရေးရာအခြားပြာဇာတ်လမ်းတို **'ငရဲဆုံးကုန်းတစ်ဝက်'** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများ အကြောင်း) |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**အာဖရိကနိုင်ငံ**) |
| ၁၁:၀၀ | **ငွေသို့ချိုမည်...ဝန်းတိုင်ဆီ** (အပိုင်း-၆၅) |

**MRTV FARMERS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်မွေးကဏ္ဍမြှင့်တင်စို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | BBC.Planet.Earth.II.6of6.Cities |
| ၁၉:၀၀ | Shwe Kyo Ep 7 |
| ၂၀:၀၀ | တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း) |
| ၂၂:၀၀ | Puss in Boots The Last Wish (နိုင်ငံခြားဇာတ်လမ်း) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Preview |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | AFC Women Futsal Asian Cup (Macau Vs Vietnam) |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြောင်မြို့နယ် မြစ်ဆုံရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခဲ့သည့်အတွက် အိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြစ်ဆုံရွာကို ဖေဖော်ဝါရီ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲခဲ့သည့်အတွက် နေအိမ် နှစ်လုံး ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများထံသို့ ဆက်သွယ်မေးမြန်းချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ မြို့နယ်များအတွင်း အကြမ်းဖက်သမားများခိုအောင်းနေထိုင်မှုမရှိစေရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာများအတွင်း ပစ်ခတ်တိုက်ခိုက်ခြင်းများ မရှိကြောင်း၊ အကြမ်းဖက်သမားများ




ကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ/ရပ်ကွက်များအတွင်းသို့အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများပြုလုပ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

မြိတ်မြို့တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးတွင် အောင်ဖြိုးသူ(ခ)ဖြိုးငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၆ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ဇော်နိုင်ဦး(ခ)ဆရာပွေးအား ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာ၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



အောင်ဖြိုးသူ(ခ)ဖြိုးငယ်နှင့် ဇော်နိုင်ဦး(ခ)ဆရာပွေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများက တရားမဝင်သစ်များ သိမ်းဆည်းရမိ



နေပြည်တော် ဖေဖော်ဝါရီ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၆ ဒသမ ၆၂၂၄ တန်၊ သစ်မာ ၉ ဒမသမ ၄၁၇၄ တန်၊ အခြား ၆၂ ဒသမ ၂၃၀၆ တန် စုစုပေါင်း ၈၈ ဒသမ ၂၇၀၄ တန်၊ ယာဉ်/ယန္တရား သုံးစီး၊ ပြစ်မှုကျူးလွန်သူ ၁၇ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနက အခြေခံပညာကျောင်းများအတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

ကြံခင်း ဖေဖော်ဝါရီ ၅

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုနိုင်နှင့် မြို့နယ်လျှပ်စစ်တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အခြေခံပညာ အထက်တန်းကျောင်းဆိပ်သာနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (ပေါက်တိုင်း)၊ အမက(သမ္ဘာရာအင်း)၊ အမက(ကဇင်းကြီး)၊ အမက(မြေခြား)၊ အမက(ကျောက်စရစ်ကုန်း)၊ အမက(မက်သနော)၊ အမက(အင်ပင်စမ်း) ကျောင်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မီးမိန်းများ ထားရှိမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှု၊ ကျောင်းတွင်းရှိ ရေကန်များထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုနိုင်က အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ **ရောဦးသာ**

# ဒေးဒရဲမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ် ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ဒေးဒရဲ ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လက်တွေ့သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝဏ္ဏထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံများနှင့် ဈေးသူဈေးသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဆီမီးလောင်မှုကို အောက်ဆီဂျင်ဖြတ်တောက် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း စသော မီးငြိမ်းသတ်နည်းအမျိုးမျိုးကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။ ထို့နောက် ဈေးအတွင်းရှိ လျှပ်စစ်မီးမိန်းများ၊ မီးပလတ်ခုံများ၊ မီးကြိုးများ ကြွခိုင်မှု ရှိ၊ မရှိ လိုက်လံစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်(ပြန်/ဆက်)**



# ဟင်္သာတမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



ဟင်္သာတ ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်အသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကနောင်စုရပ်ကွက် ပြည်တော်သာလမ်းရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ပွဲကို ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ဟင်္သာတမြို့နယ် မီးသတ်ဦးစီးမှူး ဦးဥက္ကာက မီးလောင်ခြင်းအကြောင်းအရင်းများနှင့် အရေးပေါ်မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးပစ္စည်းများအား စနစ်တကျကိုင်တွယ်ငြိမ်းသတ်နိုင်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အထက (၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြမြသိန်းက မိမိတို့ကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အသင့်တပ်ဆင်ထားရှိမှု၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ အသင့်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆီမီးလောင်စာငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ် မီးငြိမ်းသတ်နည်းများကို ဆရာ ဆရာမများ၊ ကျောင်းဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# အိန္ဒု-ဇာသပြင်လမ်းမှ ကော့တာမွန်ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



ဘားအံ ဖေဖော်ဝါရီ ၅

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဘားအံမြို့နယ်အတွင်း ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Grace Khin ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ထားသော အိန္ဒု-ဇာသပြင်လမ်းမှ ကော့တာမွန်ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

အကျယ် ၁၄ ပေရှိ ကွန်ကရစ်လမ်း ခြောက်ဖာလုံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ဘုရားကုန်း ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ပဒိုအောင်ဆန်းနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သည့်လမ်းသည် စုစုပေါင်းအရှည် ၁ မိုင် ၃ ဒသမ ၅ ဖာလုံရှိပြီး ကွန်ကရစ်လမ်းအဖြစ် ခြောက်ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့ရာ ကျန်ရှိသည့်လမ်းပိုင်း ၅ ဒသမ ၅ ဖာလုံကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ အဆောက်အအုံများ ဖြစ်သည့် လမ်း၊ တံတားများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဘုရားကုန်း ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ပဒိုအောင်ဆန်းက အမှာစကား ပြောကြားပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် အကူအညီရယူရေး အသိပညာပေး ဆွေးနွေးဟောပြော



ကျုံပျော် ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက စာသင်သားများ၏ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် အကူအညီရယူရေး အသိပညာပေးဆွေးနွေးဟောပြောခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီက ကျုံပျော်မြို့ အထက(၁) စဉ်ဆက်ပညာရေးလုပ်ငန်း ဆင့်ပွားသင်တန်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်က မီးဘေးအန္တရာယ် မဖြစ်ပေါ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မတော်တဆ ဘေးအန္တရာယ်ကြုံတွေ့မှုများ၊ မုန်တိုင်းဘေး၊ ငလျင်ဘေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေးနေမှုများကို ဟောပြောဆွေးနွေးပြီး မီးဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၁၉၅ | ၃၃၀၀ | ၃၃၁၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၁၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၁၀၁ |
| 95 Ron | ၃၀၈၂ | ၃၁၇၈ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၃၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၅ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၇၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဥတ္တရသီရိမြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ဥတ္တရသီရိ ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ကြီးမှူးကျင်းပသော ဥတ္တရသီရိမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ တပ်ကုန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥတ္တရခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို ဥတ္တရသီရိမြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ အား ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



# ကလေးမြို့နယ် စုပေါင်းရုံး၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

ကလေး ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ကလေးခရိုင်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း (၈/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကလေးခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၄ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ အား စာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ငွေပင်စိုက်နည်း

ပီမိုးနှင်း

ငွေပင်စိုက်ရန် ခက်ခဲသလောက် ငွေပင်မှသီးသော ငွေသီးကိုလည်း ဆွတ်ခူး၍ စားသုံးတတ်ဖို့မှာ မလွယ်ကူလှပေ။

လောက၌ လူတို့၏အသုံးအဆောင်ပစ္စည်း ဥစ္စာဟူသမျှတွင် ငွေသည် အသုံးရအခက်ဆုံးသော အရာဖြစ်လေသည်။ ငွေ ဒ်-၁ဝ-၁ဝဝ တို့ကို သုံးရန် လွယ်၏။ ငွေတစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း ကိုသုံးရန်မှာ ထိုမျှလောက်မလွယ်ချေ။ သို့သော်လည်း ဤအရာ၌ သုံးသောသူသာလျှင် ပဓာန ဖြစ်လေသည်။

အလုပ်ကို ကြီးကျယ်စွာလုပ်ကိုင်ကြသော သူဌေးကြီးများသည် အဘယ်မျှလောက်များသော ငွေကိုမဆို သုံးတတ်ကြလေသည်။ ငွေကို မြောက်မြားစွာမကိုင်ဖူး၍ အလုပ်ကြီးများကို မလုပ်ဖူး မကြုံဖူးသောသူများစွာတို့မှာမူ အနည်းငယ်မျှသော ငွေကိုပင် လွယ်ကူစွာမသုံးတတ်ကြချေ။

ငွေတစ်သောင်းကို တစ်လနှစ်လအတွင်း ကုန်အောင်သုံးဖြုန်းပစ်ကြရန်အလုပ်မှာ မခဲယဉ်းချေ။ မိဘ၏အမွေအနှစ်ကိုသုံးဖြုန်း၍ ဤလောက၌ ဆင်းရဲဒုက္ခဖြစ်၍နေကြသော သူတို့ကို များစွာတွေ့ရှိနိုင်လေသည်။ ဤကဲ့သို့သုံး၍ဖြစ်ခြင်းမျိုးကို အသုံးတတ်ခြင်းဟူ၍မဆိုလို။ ငွေကို အတိုးအတွက်ကိုက်အောင် နေရာတကျ အသုံးတတ်ခြင်းကို ဆိုလိုသည်။

ကြက်၊ ငှက်၊ သိုး၊ ဆိတ်၊ နွားမွေးသောသူတို့မှာ အမြန်ပင်အပွားမြန်သော်လည်း ကပ်ရောဂါအနာပေါ် ပေါက်လျှင် နေ့ချင်းညချင်း ပျက်စီးနိုင်လေသည်။ ဥယျာဉ်ပန်းမန်၊ လယ်ယာ၊ ကိုင်းကျွန်းလုပ်ကိုင်သော အလုပ်သည်လည်း လုပ်တတ်ကိုင်တတ်လျှင် အပွားအတိုးမြန်သော်လည်း မိုးလေဝသမမှန် ပိုးမွှားတိရစ္ဆာန်တို့၏ ရန်အနှောင့်အယှက်ပေါ်လာသည့်အခါ မတိုးမပွားသည်သာမက ကြွေးမြီများတင်တတ်လေသည်။

ထို့အပြင် တိရစ္ဆာန်မွေးမြူခြင်း၌ လည်းကောင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်း၌လည်းကောင်း ကိုယ်ရောစိတ်ရော ပင်ပန်းစွာလုပ်ကိုင်ရ၏။ တိရစ္ဆာန်တို့အား အစာကျွေးရ၏၊ မြေကိုသြဇာသွင်းရ၏၊ ရေသွန်းလောင်းရ၏။ ငွေမှာမူကား ထိုကဲ့သို့မဟုတ်။ မြောက်မြားစွာရှိ၍ ပွားအောင် စိုက်ပျိုးတတ်ကြက ရေမလောင်းရ၊ အစာမကျွေးရဘဲ ပိုက်ဆံအပြားဟူသမျှ ပဲစေ့၊ မတ်စေ့၊ ကျပ်ပြားဟူသမျှတို့မှာ အလိုအလျောက် အစေ့အညှောက် အကိုင်းအခက်များ ကြီးသလိုကြီး၍လာသောအခါ အပင်အမကြီးနှင့် ပေါင်းပြီးလျှင် ပိုမိုတိုးတက် အခက်အကိုင်းထွက်လေသည်။ သို့ဖြစ်၍ ဤကဲ့သို့ ငွေပင်ငွေရင်းစိုက်ပျိုးထူထောင်ခြင်း၌ လိမ္မာသော တရုတ်နှင့် အနောက်တိုင်းလူမျိုးများသည် မိမိတို့လက်ဝယ် ဝတ်ရုံစားရုံ နေ့စဉ်သုံးစွဲရုံမျှသာ ငွေကြေးမှတစ်ပါး တစ်ပြားတစ်ချပ်မျှ အပိုအမိုသိုလှောင်၍မထားဘဲ အကုန်အစင် ကြီးကျယ်သောအလုပ်များ၌လည်းကောင်း၊ ရှယ်ယာများ၌လည်းကောင်း စိုက်ပျိုး၍ထားလေ့ရှိကြလေသည်။

အချို့သော မိလျှံနာသူဌေးကြီးများမှာ အိမ်၌ သုံးစွဲရန် ဒေါ်လာ ၁၅-၂ဝ မျှထက် ပိုမို၍ ထားလေ့မရှိကြချေ။ ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာမူကား ယခုထက်တိုင် ငွေကို ပွားများတိုးတက်အောင် မသုံးတတ်ကြသဖြင့် မြန်မာလူမျိုးတို့၏ လက်ဝယ်ရှိသော ပစ္စည်းများမှာမူ တဖြည်းဖြည်း ဆုံးပါးပျက်ပြားကြရလေသည်။ လယ်လုပ်၍ရသော ငွေကို မြန်မာလူမျိုးတို့သည် နှစ်စဉ်အချို့ကိုသုံး၊ အချို့ကိုစု၊ အချို့ကို လှူဖို့သာသိကြ၏။ သုံးရန်နှင့် လှူခြင်းသည်ကားလျော်ကန်၏။ စုခြင်းသည်ကား လွန်စွာမှားလေသည်။ သို့ဖြစ်၍ စုသော ငွေ၏ပမာဏကို တခြားတစ်နည်းနည်းဖြင့် တိုးပွားအောင်ကြံသင့်ကြလေသည်။ ရလမ်းတစ်ခု တည်းရှိသူမှာ ထိုရလမ်းပျက်ကွက်သည့်အခါ ဆုံးပါးနစ်နာတတ်၏။ ရလမ်းအမျိုးမျိုးရှိသူမှာ တစ်လမ်းပျက်လျှင် တစ်လမ်းက ဖြစ်နိုင်လေသည်။ ။

# လူအများနှင့် ပြေပြေပြစ်ပြစ်ဆက်ဆံနည်း

ခင်မောင်ညို (ဘောဂဗေဒ)

(၃၀-၁-၂၀၂၅ ရက်နေ့မှအဆက်)

အရေးပါ အရာရောက်လိုသောစိတ်ကြောင့် မကျန်းမာ၊ မသန်စွမ်းဖြစ်သွားရှာသည့် ထက်မြက်ထူးချွန်သော အမျိုးသမီးတစ်ယောက် အကြောင်း စာရေးဆရာမ မေရီ ရောဘတ်စ်ရေးဟတ်က ပြောပြဖူးသည်။

"တစ်ရက်မှာ ဒီမိန်းမဟာ ခုထိအိမ်ထောင်မကျတော့ တစ်သက်လုံး တစ်ယောက်တည်း နေရတော့မယ်၊ မျှော်လင့်ချက် မရှိတော့ဘူးလို့ တွေးမိတယ်။ ဒီစိတ်နဲ့ အိပ်ရာထဲလဲရော။ သူ့ရဲ့ အမေအိုကြီးက သုံးထပ်ကို ခေါက်တုံ့ခေါက်ပြန်တက်ပြီး ပြုစုရတယ်။ ကြာတော့ အဘွားကြီးက ပင်ပန်းပြီးဆုံးသွားတာပေါ့။ နောက်တစ်ပတ်၊ နှစ်ပတ်လောက်ကြာတော့ သူ့ဘာသာသူ အိပ်ရာကထ၊ ဝတ်စားပြင်ဆင်ပြီး ခါတိုင်းနေရိုးနေစဉ်ပြန်နေတော့တယ်။ ဘယ်လောက်များ ဂရုစိုက်တာခံချင်လိုက်သလဲ။ ယောက်ျားတွေ ဂရုစိုက်တာမခံရတော့ အမေကဂရုစိုက်အောင် လုပ်တာ"

တကယ်တမ်း ကြမ်းတမ်းလှသော လူ့ဘဝကြီးတွင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသလောက် အခြားသူများက အမှန်တကယ် အထင်မကြီးသဖြင့် နောက်ဆုံးတွင် ကိုယ့်ဘာသာကိုယ် အထင်ကြီးချင်တိုင်းကြီးလို့ရသော စိတ္တဇဝေဒနာသည်ဘဝသို့ ရောက်သွားတတ်သည်။ အမေရိကန်နိုင်ငံ၌ စိတ္တဇဝေဒနာရှင် အရေအတွက်သည် အခြားဝေဒနာရှင်များထက် ပို၍များပြားသည်။ အဘယ်ကြောင့် ဤမျှစိတ္တဇဝေဒနာ ခံစားနေကြရသနည်း။

ထိုမေးခွန်းမျိုးကို မည်သူမျှ သေသေချာချာ ဖြေဆိုနိုင်မည်မဟုတ်။ အချို့သော ကာလသားရောဂါလိုရောဂါမျိုးက ဦးနှောက်ရှိဆဲလ်များကို ဖျက်ဆီးကာ စိတ္တဇရောဂါဖြစ်စေနိုင်သည်။ သို့သော် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရပြီးမှ ဦးနှောက်ထိခိုက်သူ ဝေဒနာရှင်မှာ တစ်ဝက်မျှသာရှိသည်။ ကျန်တစ်ဝက်မှာ ဦးနှောက်မပျက်စီးဘဲ စိတ္တဇဝေဒနာရှင်ဘဝသို့ သက်သက်ရောက်နေကြခြင်း ဖြစ်သည်။ သူတို့ ကွယ်လွန်ပြီးနောက် ဦးနှောက်ကို သေသေချာချာစစ်ဆေးကြည့်သည့်အခါ ဦးနှောက်ဘာမျှမဖြစ်ဘဲ စိတ်ကြောင့်ပဲစိတ်ရောဂါရှင်ဖြစ်နေကြကြောင်း တွေ့ရသည်။

**လူတစ်ယောက် အစွမ်းကုန်အလုပ်လုပ်လာအောင် ဆောင်ရွက်ပေးနိုင်သည့်နည်းလမ်းမှာ အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်းနှင့် အားပေးခြင်းပင်ဖြစ်သည်။ မည်သည့်အခါမျှ မည်သူ့ကိုမျှ ကျွန်ုပ်မဝေဖန်။ ဝန်ထမ်းတစ်ယောက် အလုပ်လုပ်ချင်ရန် ဆွဲဆောင်မှုပြုရမည်ဟု ကျွန်ုပ်ယုံကြည်သည်။ သို့ဖြစ်၍ မချီးကျူးမိမည်ကို စိုးရိမ်ပြီး အပြစ်တင်ရမှာဝန်လေးသည်။ ကျွန်ုပ်သဘောကျသည်ကိုတွေ့လျှင် စိတ်လိုလက်ရထောက်ခံပြီး ဖောဖောသီသီချီးကျူးသည်**

ဘာလို့ ဒီလိုဖြစ်ရသနည်း။

အထင်ရှားဆုံး စိတ္တဇဆေးရုံတစ်ခုက နာမည်ကျော်ပါရဂူတစ်ယောက်ကို မေးကြည့်ဖူးသည်။ ထိုပါရဂူကြီးသည် စိတ်ပညာနှင့်ပတ်သက်၍ ဘွဲ့ထူးဂုဏ်ထူးအထပ်ထပ်ရထားသောသူဖြစ်သည်။ ထိုသို့သောသူက "ဘာကြောင့် ဒီလောက်တောင် စိတ္တဇရောဂါတွေ ဖြစ်ရတယ်ဆိုတာ ကျွန်တော်တော့ မသိဘူးဗျာ"ဟု ဝန်ခံရှာသည်။ ဘယ်သူမျှလည်း သေသေချာချာ သိမည်မထင်။ သို့သော် သူ့အထင်အရပြောရလျှင် အရေးပါ အရာရောက်လိုစိတ်၊ ဂရုစိုက်ခံလိုစိတ်ကြောင့် ဖြစ်ပုံရသည်။ တကယ့်လောကမှာ မရနိုင်သည့်အရာများကို စိတ္တဇလောကတွင် ရချင်တိုင်းရနိုင်သည်။

စိတ်ရောဂါရှင်တစ်ယောက်သည် သူ့စိတ်ထဲ၌ ဖြစ်ချင်တာများအားလုံးဖြစ်နိုင်သည်။ သူ့ကိုယ်သူ သမ္မတလို၊ ဝန်ကြီးချုပ်လိုလည်း ထင်နိုင်သည်။ ပိုးပန်းသူများ ဝိုင်းဝိုင်းလည်နေသော ချောမောလှပသူတစ်ယောက်အဖြစ်လည်း သူ့ကိုယ်သူသတ်မှတ်နိုင်သည်။ တကယ့်လောကတွင် သားသမီးတစ်ယောက်မျှမရှိသော်လည်း စိတ္တဇလောကတွင် သားသမီးရချင်သလောက်ရနိုင်သည်။ ထိုသို့သော လူနာတစ်ယောက်အကြောင်းကိုလည်း သူကပြောပြဖူးသည်။

"ကျွန်တော်ရဲ့ လက်ရှိဝေဒနာသည်တစ်ယောက်က အိမ်ထောင်ရေးအဆင်မပြေရှာဘူး။ သူက အချစ်ခံချင်တယ်။ လိင်စိတ်ကျေနပ်ချင်တယ်။ ကလေးလိုချင်တယ်။ လူရာဝင်ချင်တယ်။ ဒါပေမဲ့ တကယ့်လက်တွေ့ဘဝမှာ အဲဒါတွေတစ်ခုမျှမရဘူး။ သူ့ယောက်ျားကလည်း သူ့ကို မချစ်ဘူး။ တစ်စားပွဲတည်းတောင် ထိုင်မစားဘူး။ တစ်ယောက်တစ်ခန်းစီ သီးခြားနေပြီး စားစရာတောင် သူ့အခန်းထဲပို့ခိုင်းတယ်။ ကလေးလည်း မရှိ၊ လူထဲသူထဲလည်း မဝင်ဆံ့ဘူး။

"အဲဒီမှာ စိတ္တဇရောဂါဝင်လာတော့တာပဲ။ ယောက်ျားကို ကွာပစ်လိုက်တယ်။ အပျိုဘဝက နာမည်ကိုပြန်မှည့်တယ်။ အခုဆိုရင် သူ့ကိုယ်သူ အင်္ဂလိပ်မှူးမတ်မျိုးနွယ်တစ်ယောက်ကို လက်ထပ်ပြီးပြီလို့ထင်တယ်။ သူနဲ့ဆက်ဆံရင် ထီးဆန်နန်းဆန်မှကြိုက်တယ်။ ကလေးလည်းရှိနေပြီလို့ထင်တယ်။ ကျွန်တော်နဲ့တွေ့ရင် "ညက ကျွန်မလည်း ကလေးတစ်ယောက်ရတယ်"လို့ ပြောပြလေ့ရှိတယ်"

သူ၏ စိတ်ကူးယဉ်အိပ်မက်ထဲက သင်္ဘောများသည် လက်တွေ့ဘဝတည်းဟူသောကျောက်ဆောင်နှင့် တိုက်လိုက်သောအခါကြေမွပျက်စီးသွားသည်။ သို့သော် သူ၏ စိတ်ကူးယဉ်ကမ္ဘာလေးထဲ၌မူ နေရောင်ဖြာသော ဆိပ်ကမ်းသာသို့ ရွက်ခတ်သံတဖျပ်ဖျပ်ပေးကာ ဦးတည်လာနေကြသည်။

ဝမ်းနည်းစရာ ကောင်းသလား၊ ကျွန်တော်တော့ မသိပါ။ သို့သော် သူ၏ ဆရာဝန်က "ကျွန်တော်တော့ သူ့ရောဂါကို ပျောက်အောင်ကုနိုင်မယ်ဆိုရင်တောင် မကုချင်ဘူး။ အခုဆိုရင် သူအများကြီးကို ပျော်ရွှင်နေတယ်" ဟု ဖြေသည်။

တချို့တချို့သော ပုဂ္ဂိုလ်များသည် ထိုမျှလောက်ပင် စိတ္တဇဝေဒနာရှင်အဖြစ်ခံကာ အရေးပါအရာရောက်ချင်ကြ၊ ဂရုစိုက်ခံချင်ကြလျှင် ရိုးရိုးသားသား အသိအမှတ်ပြုလိုက်ရုံ၊ ချီးကျူးရုံမျှဖြင့် မည်မျှအကျိုးများမည်ကို စဉ်းစားကြည့်ပါ။

တစ်ခါက အမေရိကန်နိုင်ငံတွင် ဝင်ငွေခွန် လုံးဝကောက်ခံခြင်းမရှိ။ တစ်ပတ်လျှင် ဒေါ်လာ ၅ဝ မျှ ရလျှင်ပင် ကောင်းကောင်းမွန်မွန်နေနိုင်သည်။ ထိုအချိန်ကာလမျိုးတွင် တစ်နှစ်လျှင် ဒေါ်လာတစ်သန်း လခပေးရသောသူမျိုးရှိသည်။ ထိုသူထဲက တစ်ယောက်မှာ ချားလ်စ်ရွှပ်ဖ်ဖြစ်သည်။ သူ့ကို သံမဏိသူဌေးကြီး အင်ဒရူးကာနယ်ဂျီက ၁၉၂၁ ခုနှစ်၌ အမေရိကန် သံမဏိကုမ္ပဏီကြီး၏ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။ ထိုကုမ္ပဏီ၏ ပထမဆုံးဥက္ကဋ္ဌဖြစ်လာချိန်တွင် သူ့အသက်မှာ ၃၈ နှစ်သာရှိသေးသည်။ ရွှပ်ဖ်သည် နောင်အခါတွင် ဒုက္ခရောက်နေသော ဘီသယ်လ်ဟမ်ကုမ္ပဏီသို့ပြောင်းသွားပြီး အမေရိကန်နိုင်ငံတွင် အကျိုးအမြတ်အများဆုံး ကုမ္ပဏီတစ်ခုဖြစ်အောင် လုပ်ပေးခဲ့သည်။

ချားလ်စ်ရွှပ်ဖ်ကို တစ်နှစ်လျှင် ဒေါ်လာတစ်သန်း၊ တစ်ရက်လျှင် ဒေါ်လာသုံးထောင် ဘာကြောင့်ပေးရသနည်း။ ရွှပ်ဖ်က တကယ့်ပါရမီရှင်လား။ သံမဏိလုပ်ငန်းကို လူတကာထက် သူကပိုသိလို့လား။ လုံးဝမဟုတ်ပါ။ ချားလ်စ်ရွှပ်ဖ်ကိုယ်တိုင်က ကျွန်တော့်ကိုပြောပြဖူးသည်။ သံမဏိလုပ်ငန်းအကြောင်း သူ့ထက်ပိုသိသူများ တစ်ပုံတစ်ခေါင်းကြီးရှိသည်။ သို့သော် ယခုကဲ့သို့ လခများများပေးရခြင်းမှာ **လူအများနှင့် ပြေပြေလည်လည် ဆက်ဆံနိုင်စွမ်း**ကြောင့်ပင်ဖြစ်သည်။

ကျွန်တော်က "လူအများနဲ့ ပြေပြေလည်လည် ဘယ်လိုဆက်ဆံသလဲ"ဟု ထပ်မေးကြည့်သည်။ ယခု သူပြောသည့်စကားများကို သူ့စကားအတိုင်း ပြန်ပြောပြပါမည်။

သူ့အပြော၊ သူ့အတွေ့အကြုံ၊ သူ့ဝေါဟာရတွေမှာ ကောင်းလွန်းလှသဖြင့် ထာဝရစွဲမြဲတည်တံ့နေအောင် ကြေးပြားမှာထွင်းထုထားဖို့ကောင်းသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရုံးတိုင်း၊ ဆိုင်တိုင်းတွင် ချိတ်ထားရန်ကောင်းသည်။ ကလေးများကို အလွတ်ကျက်ခိုင်းထားရန်ကောင်းသည်။ သဒ္ဒါများ၊ ပထဝီဝင်များ၊ ဘာရာဇီးတွင်ရှာသည့် မိုးရေချိန်လက်မများကိုကျက်သည်ထက် အများကြီးအကျိုးရှိနိုင်သည်။ သူ့အဆိုအမိန့်ကို လက်ခံကျင့်သုံးလျှင် ကျွန်တော်တို့၏ ဘဝတွေပြောင်းလဲသွားမည်။

"ကျွန်ုပ် ပိုင်ဆိုင်သမျှ အရည်အချင်းများအားလုံးတွင် **ဝန်ထမ်းများ စိတ်ပါလက်ပါ လုပ်ချင်လာအောင်လုပ်ပေးနိုင်သော စွမ်းအားသည် အကောင်းဆုံးဖြစ်သည်။ လူတစ်ယောက် အစွမ်းကုန်အလုပ်လုပ်လာအောင် ဆောင်ရွက်ပေးနိုင်သည့်နည်းလမ်းမှာ အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်းနှင့် အားပေးခြင်းပင်ဖြစ်သည်။ အထက်လူကြီးများ၏ ကဲ့ရဲ့ပြစ်တင်သံလောက် အောက်လက်ငယ်သားများကို ဒုက္ခပေးသောအရာမရှိ။ မည်သည့်အခါမျှ မည်သူ့ကိုမျှ ကျွန်ုပ်မဝေဖန်။ ဝန်ထမ်းတစ်ယောက် အလုပ်လုပ်ချင်ရန် ဆွဲဆောင်မှုပြုရမည်ဟု ကျွန်ုပ်ယုံကြည်သည်။ သို့ဖြစ်၍ မချီးကျူးမိမည်ကိုစိုးရိမ်ပြီး အပြစ်တင်ရမှာဝန်လေးသည်။ ကျွန်ုပ်သဘောကျသည်ကိုတွေ့လျှင် စိတ်လိုလက်ရထောက်ခံပြီး ဖောဖောသီသီချီးကျူးသည်။**"

(ဆက်လက်ဖော်ပြပါမည်)



# ရေစကြိုမြို့နယ်၌ ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး အကျိုးအမြတ်ရ

**မကွေး ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြရာ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး ပခန်းကြီး၊ မြေဖြူ၊ စည်သာ၊ ဆင်ချောင်းစသည့် ကျေးရွာများတွင် ဝါသီးနှံကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိ**

ဝါသီးနှံကို ဇူလိုင်လနှင့် ဩဂုတ်လများတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ခူးဆွတ်ရကြောင်း၊ သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ရှိပြီး ဒေသမျိုးများဖြစ်သော ငွေချည်- ၉၊ ရွှေတောင်- ၁၀၊ ချည်မျှင်ရှည်ဝါမျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုးစေ့ခုနစ်ပိဿာခန့်နှင့် ထွန်ယက်ခ၊ မျိုး၊ သွင်းအားစု၊ လုပ်သားခနှင့် ခူးဆွတ်ခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊အထွက်နှုန်း အနေဖြင့် တစ်ဧကလျှင် ဝါပိဿာချိန် ၃၂၀- ၃၅၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ဝါစိုက်ခင်းများအထိ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ပခုက္ကူမြို့နှင့် မန္တလေးမြို့တို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိ၍ ဝါစိုက်တောင်သူများ အနေဖြင့် အမြတ်ရလျက်ရှိသည့်အပြင် ဝါခူးဆွတ်သူ(ဝါကောက်သူ) များလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

# မကွေးတိုင်းဒေသကြီး၌ ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မကွေး ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကူတုတ်ကျေးရွာအုပ်စုအတွင်းရှိ ညောင်တော၊ညောင်ဘိုပင်၊ရှစ်အိမ်တန်း၊ဇီးကျွန်း၊အောင်ချမ်းသာ စသည့် ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကို ဧက ၅၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ကုလားပဲသီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဟော်လန်ကုလားပဲ(ဝါ)နှင့် V2 ကုလားပဲ(ဖြူ)မျိုးများကို ကြဲပက်စနစ်ဖြင့်သော်လည်းကောင်း၊ အတန်းလိုက်စနစ်ဖြင့်သော်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ မျိုး၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်ရှစ်သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က ကုန်ကျစရိတ်အနေဖြင့် ငွေကျပ်ငါးသိန်းခန့် ကုန်ကျခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကုလားပဲ ၁၅ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ယခုလက်ရှိအချိန်တွင် ကုလားပဲစိုက်ခင်းများမှာ အဖူး၊ အပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်ပါက အမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



# မြစ်သားမြို့နယ်၌ နနွင်း စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၅**

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ နနွင်းကို ၁၀၄၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



**အကျိုးအမြတ်ပိုမိုရရှိ**

နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် တူးဖော်လျက်ရှိရာ ယခုအချိန်တွင် နနွင်းများ စတင်တူးဖော်လျက်ရှိကြောင်း၊ နနွင်းကို ဘောင်ခတ်ပြီး မြေအောက် ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့်တစ်ဧကလျှင်နနွင်းတက်လှည်း ၁၃-၁၅ စီးခန့်၊ တင်းအားဖြင့် ၃၂၅-၃၅၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက်လာရောက် ဝယ်ယူကြ၍ ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ ရောင်းချလျက်ရှိပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ နနွင်းများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင်လည်း ဈေးနှုန်းများဆက်လက်ကောင်းမွန်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်ကြောင်း သိရသည်။

# မိတ္ထီလာခရိုင်၌ ပဲစင်းငုံသီးနှံများထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်တစ်မျိုးဖြစ်သည့် ပဲစင်းငုံသီးနှံကို မိတ္ထီလာမြို့နယ်တွင် ၃၆၃၄၆ ဧက၊ မလှိုင်မြို့နယ်တွင် ၆၉၅၀၄ ဧက၊ သာစည်မြို့နယ်တွင် ၂၁၅၆ ဧက၊ ဝမ်းတွင်းမြို့နယ်တွင် ၆၅၇ ဧက စုစုပေါင်း ၁၀၈၆၆၃ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို မေလနှင့် ဇွန်လများတွင် စိုက်ပျိုး၍ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရိတ်သိမ်းရပြီး ရွှေဒင်္ဂါးပဲစင်းငုံမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ရှိပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခြင်း၊ မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇-၈ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့်တောင်သူများကမိတ္ထီလာမြို့ပေါ်ရှိပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။



သတင်းရင်းမြစ် -စီးပွား/ကူးသန်း

**၅-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၁၄၀ | ၁၇၅၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၂၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၅၆၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၆၅၀၀ | ၅၇၀၀ | ၁၈၅၀၀ | ၃၄၀၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၅၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၉၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၀၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၃၁၅ | ၂၀၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၇၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၁၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၅၈၀၀ | ၃၆၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၂၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၅၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၅၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၆၄၀၀ | ၄၀၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၄၀၀ | ၁၆၅၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ အောင်ချက်မြင့်မားရေး ညှိနှိုင်းစည်းဝေး

**မုံရွာ ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦးက တိုင်းဒေသကြီးအတွင်းမှ ခရိုင်/မြို့နယ်များရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် ပညာရေးမှူးများနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း၊ မုံရွာခရိုင် ပညာရေးမှူးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များအတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

“ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက် စနေနေ့ မွန်းလွဲ ၁၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပ မူလတန်းကြိုကျောင်းနှင့် လှိုင်(၁)မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channelမှ ဆက်လက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။




ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဖေဖော်ဝါရီ ၁၀ ရက် တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကံမမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းပညာပေးသင်တန်း ဖွင့်လှစ်

**ကံမ ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရန် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး နည်းပညာပေးသင်တန်းကို ယနေ့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့မနည်းပညာပြန့်ပွားရေးစင်တာ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေက လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး နည်းပညာပေးသင်တန်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးအတွက် လက်တွေ့စိုက်ပျိုးပြသ၍ ကွင်းဆင်းပညာပေးဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး မင်းတုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဦးက လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စက်ကိရိယာကိုင်တွယ်အသုံးပြုရာတွင် ကြုံတွေ့နိုင်သည့်ပြဿနာဖြေရှင်းနည်းများကို အသေးစိတ်ဆွေးနွေးပို့ချခဲ့ရာ တက်ရောက်လာသော တောင်သူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



## “ပွဲညရဲ့ဇာတ်ခုံ” ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ပြီး “ပွဲညရဲ့ဇာတ်ခုံ” အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel မှ ဇန်နဝါရီ ၂၅ ရက် စနေနေ့မှစ၍ အပတ်စဉ်ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

ဇာတ်သဘင်ကဏ္ဍမျိုးစုံကို ခံစားကြည့်ရှုနိုင်မည့် “ပွဲညရဲ့ဇာတ်ခုံ” အစီအစဉ်ကို မောင်ပြည့်ဝ(ပန်းဝေသီ)က ရိုက်ကူးတင်ဆက်ထားပြီး အပိုင်း(၃)တွင် ဉာဏ်လင်းအောင်၏ ဇာတ်လမ်းကို ရွှေမန်းချမ်းသာ သင်ကြားပြီး မန်းပန်တျာ မင်းသားချစ်စွမ်းသာ၊ ပေါ်လာ၊ စူပါ၊ ဖွဲမာန်ဟိန်း၊ လုလု၊ စွမ်းနိုင်ချစ်၊ ခိုင်ဇာ၊ အိသဉ္ဇာ၊ စိုပြေမြတ်နိုး၊ သီရိမေနှင့် ထက်ထက်တို့က မျိုးစေ့စင်တင်ပြဇာတ် (ပထမပိုင်း )ဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ဖေဖော်ဝါရီ ၈ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App မှလည်း Streaming တစ်ချိန်တည်း ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ❂ ကာဂလီယာရီမှ

ဇက်ကာဂနီကတစ်ဂိုး၊ ဒုတိယပိုင်း ပွဲကစားချိန် ၆၄ မိနစ်မှာ ကက်စတယ်လာနော့စ်က တစ်ဂိုး သွင်းယူပေးခဲ့ပြီး ကာဂလီယာရီအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်မှာ ပစ်ကိုလ်လီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စီးရီးအေပွဲစဉ် ၂၃ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ လာဇီယိုအသင်းက ရမှတ် ၄၂ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့်(၄)နေရာကို တက်လှမ်းခွင့် ရရှိခဲ့ပါတယ်။ ကာဂလီယာရီအသင်းကတော့ ၂၃ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၇) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လာဇီယိုအသင်းဟာ စီးရီးအေပွဲစဉ်(၂၄)အဖြစ် မွန်ဇာအသင်းနဲ့ ဖေဖော်ဝါရီ ၉ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်သလို ကာဂလီယာရီအသင်းကလည်း အဲဒီနေ့မှာ ပါးမားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

### ❖ မြန်မာ ယူ-၂၂ မှ

